## ပြည်ထောင်စုမြန်မာနိုင်ငံ  အမျိုးသားနိုင်ငံရေးအင်အားစုတိုးချဲ့ဖွဲ့စည်း

## ဒီမို  NLD (စစ်ကိုင်းတိုင်း)မှ  ကိုးဖွဲ့မြောက်ပါဝင်လာ

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ၏ ပူးတွဲလုပ်ငန်းကော်မတီတွင်  အမျိုးသားနိုင်ငံရေးအင်အားစု ရှစ်ဖွဲ့ပါဝင်လျက်ရှိရာမှ ဒီမို **NLD** (စစ်ကိုင်းတိုင်း) နိုင်ငံရေးအင်အားစုတစ်ဖွဲ့ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါ နိုင်ငံရေးအင်အားစုကိုးဖွဲ့ ပါဝင်ဖွဲ့စည်းထားပြီးဖြစ်သည်။ ဒီမို **NLD** (စစ်ကိုင်းတိုင်း)မှ ဦးဘိုမောင်းက ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးတွဲလုပ်ငန်းကော်မတီတွင် ပါဝင်ကြောင်း၊ စစ်ကိုင်းတိုင်း မုံရွာမြို့တွင်  (၁ . ၆ . ၂၀၀၇)နေ့က ကျင်းပပြုလုပ်ခဲ့သော အမျိုးသားနိုင်ငံရေးတွေ့ဆုံပွဲ၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။